# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# အမျိုးသားညီညွတ်ရေးအစိုးရ
# လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန

## မေလ (၁၇) ရက် လိင်စိတ်တိမ်းညွတ်မှုများအပေါ် အခြေပြုသည့် ကြောက်ရွံ့မုန်းတီးမှုများအား ဆန့်ကျင်ရေး အပြည်ပြည်ဆိုင်ရာနေ့ သဝဏ်လွှာ

၂၀၂၂ ခုနှစ် မေလ (၁၇) ရက်

၁။ ယနေ့ကျရောက်သော လိင်စိတ်တိမ်းညွတ်မှုများအပေါ် အခြေပြုသည့် ကြောက်ရွံ့မုန်းတီးမှုများအား ဆန့်ကျင်ရေး အပြည်ပြည်ဆိုင်ရာနေ့ (International Day Against Homophobia, Biphobia and Transphobia) ၂၀၂၂ ခုနှစ်၏ ဆောင်ပုဒ်မှာ "ကျွန်တော်/ကျွန်မတို့ရဲ့ခန္ဓာကိုယ်၊ ကျွန်တော်/ကျွန်မတို့ရဲ့ အသက်၊ ကျွန်တော်/ကျွန်မတို့ရဲ့ အခွင့်အရေးဖြစ်သည် ၊ "Our Bodies, our Lives, our Rights." ဖြစ်ပါသည်။ လိင်စိတ်တိမ်းညွတ်မှု မတူကွဲပြားသော်လည်း LGBTIQ များသည် လူသားများနည်းတူ လူ့ဂုဏ်သိက္ခာ ရှိကြသူများ ဖြစ်သည့်အပြင် လူသားပီသစွာ ဂုဏ်သိက္ခာရှိစွာဖြင့် နေထိုင်ခွင့်ကြောင်း ဖော်ပြသည့် အဓိပ္ပာယ်ဖြစ်ပါသည်။ ထို့ပြင် လူတစ်ဦး၏ လိင်စိတ်တိမ်းညွတ်မှုအပေါ် အခြေခံသည့် ခွဲခြားဆက်ဆံခြင်း၊ လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်းများ၊ နှိပ်စက်ညှင်းပန်းခြင်းများကို ခံစားရန်မသင့်ကြောင်း ဆိုလိုပါသည်။

၂။ သို့သော် မြန်မာနိုင်ငံတွင်းရှိ LGBTIQ များအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ၊ ရည်ရွယ်ချက်ရှိရှိ ဖမ်းဆီးမှုများ၊ ညှဉ်းပန်းနှိပ်စက်မှုများအပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုများ ကျူးလွန်ခံနေရလျက် ရှိပါသည်။ အကြမ်းဖက်စစ်ကောင်စီက အာဏာသိမ်းယူရန်ကြိုးပမ်းခဲ့သည့် အချိန်ကတည်းကပင် LGBTIQ များသည် စစ်ကောင်စီ၏ အကြမ်းဖက် အင်အားသုံးဖြိုခွင်းမှုကို မကြောက်မရွံ့ဘဲ ပြည်သူများထဲက ပြည်သူများပီသစွာ ဆန္ဒဖော်ထုတ်ခဲ့ကြပါသည်။ ယင်းကဲ့သို့ ဆန္ဒဖော်ထုတ်ခဲ့ခြင်းကြောင့် မြန်မာနိုင်ငံတဝှမ်း အနည်းဆုံး LGBTIQ (၁၇) ဦး သေဆုံးခဲ့ရပြီး (၂) ဦးမှာ ပြင်းထန်စွာ ဒဏ်ရာရခဲ့သည်။ LGBTIQ ပေါင်း (၈၅) ဦးထက်မနည်း မတရား ဖမ်းဆီးထိမ်းသိမ်းခံခဲ့ရသည်။ ထို့ပြင် အကြမ်းဖက်စစ်ကောင်စီက ထုတ်ပြန်ထားသော ဖမ်းဆီးရန် စာရင်းတွင် LGBTIQ စုစုပေါင်း (၅၀)ကျော် ပါရှိနေသဖြင့် ထိုသူများသည် ၎င်းတို့၏ အသက်ဘေးအတွက် ထွက်ပြေးတိမ်းရှောင်နေရသည်။ ထို့အပြင် မြောက်များလှစွာသော နိုင်ငံသူ/သား LGBTQ နိုင်ငံ့ဝန်ထမ်းများသည်လည်း အကြမ်းဖက်စစ်ကောင်စီအား ဆန့်ကျင်သည့် CDM လှုပ်ရှားမှုတွင် ဆက်လက်ပါဝင်ပြီး တွန်းလှန်နေလျက်ရှိပါသည်။

၃။ အကြမ်းဖက်စစ်ကောင်စီသည် မတရားဖမ်းဆီးခံရသော LGBTQ များကို စစ်ကြောရေးကာလတွင် ဆိုးရွားစက်ဆုပ်ဖွယ်ကောင်းသော ညှဉ်းပန်းနှိပ်စက်မှုများဖြစ်သည့် ရိုက်နှက်နှိပ်စက်ခြင်း၊ လျှပ်စစ်ရှော့တိုက်ခြင်း၊ မျက်နှာနှင့်ခန္ဓာကိုယ်များအား မီးပူဖြင့်ကပ်ခြင်း၊ လိင်အင်္ဂါများကို ဆေးလိပ်မီးဖြင့်တို့ခြင်း၊ မဖွယ်မရာ လုပ်ဆောင်ခြင်း၊ ယုတ်မာညစ်ညမ်းသော စကားများဖြင့် ပြောဆို

လှောင်ပြောင်ခြင်းတို့ကို ရည်ရွယ်ချက်ရှိရှိ ပြုလုပ်ခဲ့ကြောင်း မှတ်တမ်းများ ရရှိထားပါသည်။ ထို့အပြင် လိင်ပြောင်းအမျိုးသမီးများ (Transexual) နှင့် အမျိုးသမီးများကဲ့သို့ ပြောင်းလဲဝတ်ဆင်နေထိုင်သူ (Transgender) များကို အမျိုးသားများဖြင့် ရောနှောချုပ်နှောင် ထားသည့်အတွက် အရှက်ရစေခြင်းများ၊ လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှုများ၊ ခွဲခြားဆက်ဆံမှုများ ကျူးလွန်ခံခဲ့ကြရပါသည်။

၄။ ယနေ့ကျရောက်သော လိင်စိတ်တိမ်းညွတ်မှုများအပေါ် အခြေပြုသည့် ကြောက်ရွံ့မုန်းတီးမှုများအား ဆန့်ကျင်ရေး အပြည်ပြည်ဆိုင်ရာနေ့တွင် မြန်မာနိုင်ငံ၏ အာဏာရှင်အသီးသီးက ကျူးလွန်ခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုများကို ခံစားခဲ့ရသည့် LGBTIQ များအပေါ် စာနာနားလည်ကြောင်း ပြောကြားလိုပါသည်။ ထို့အပြင် လွတ်လပ်ခြင်း၊ လုံခြုံခြင်း၊ တရားမျှတခြင်း၊ တန်းတူညီမျှခြင်း တို့အတွက် ခေတ်အဆက်ဆက်က အသက်ပေး တိုက်ပွဲဝင်ခဲ့ကြသော၊ တိုက်ပွဲဝင်နေကြသော LGBTIQ များကို ဦးညွတ်အလေးပြုအပ်ပါသည်။ တိုက်ပွဲဝင်နေကြသော အခြေခံလူ့အခွင့်အရေးနှင့် ရပိုင်ခွင့်များ၊ စံတန်ဖိုးများ၊ တန်းတူညီမျှရေးနှင့် အပြန်အလှန် လေးစားတန်ဖိုးထားမှုများ ပြန့်ပွားတည်တံ့ပြီး လိင်စိတ်တိမ်းညွတ်မှုများအပေါ် အခြေပြုသည့် ကြောက်ရွံ့မုန်းတီးမှုများ ပပျောက်စေရန်အတွက် LGBTQ များနှင့်အတူ ဆက်လက် တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း အလေးအနက် ကတိကဝတ် ပြုအပ်ပါသည်။

လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန
အမျိုးသားညီညွတ်ရေးအစိုးရ